mgyoe.com

စိတ်ကူးချိုချိုအနုပညာ

# ရောမ

# စစ်မျက်နှာ

# The Rome's Front



ကြည်ဇော်အေး

Translated *by* Aung Moe

mgyoe.com

mgyoe.com

ISBN9789997116208
POEM48
9 789997 116208
1,500.00KS

COVER DESIGN by THET NYAIN THIT

mgyoe.com

mgyoe.com

ရောမ စစ်မျက်နှာ၊ ကြည်ဇော်အေး
မျက်နှာဖုံးပန်းချီ - သက်ငြိမ်သစ်
အတွင်းသရုပ်ဖော် - မုတ်သုန်
စာမျက်နှာ ၈၂ မျက်နှာ၊ ၁၀ စင်တီ× ၁၆ •၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ရန်ကုန်။
၂၀၁၉၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ရောမ စစ်မျက်နှာ

ကြည်ဇော်အေး

ပထမအကြိမ်၊ ၂၀၀၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ရောမ စစ်မျက်နှာ

ကြည်ဇော်အေး

# The Rome Front

Kyi Zaw Aye

Translated by **Aung Moe**

mgyoe.com

mgyoe.com



# The Rome Front

The Rome Front poems started from the unintentional scratches of a line or so while watching movies and reading books. Now happy and then sad I am on the course of writing. But I continued. This is the first serial poem I've ever written in my life. Unforgettable thanks must go to *her* who helped me find some facts.

**Kyi Zaw Aye**
**11-12-2018**

mgyoe.com

mgyoe.com


# ရောမ စစ်မျက်နှာ

စစ်မျက်နှာများနှင့် ပတ်သက်၍ ရုပ်ရှင်တွေကြည့်ရင်း စာအုပ်တွေဖတ်ရင်း အမှတ်မထင် စခြစ်မိတဲ့ တစ်ကြောင်း နှစ်ကြောင်းကနေ ရောမစစ်မျက်နှာများ ဟာ အစပြုခဲ့ပါတယ်။ ရေးမိတော့ ပျော် လာပါတယ်။ တစ်ခါတလေ နာကျင်ရ ပါတယ်။ အဲဒါနဲ့ ဆက်ရေးမိပါတယ်။ ကျွန်တော့်ဘဝမှာ ပထမဆုံးရေးဖူးတဲ့ ကဗျာစီးရီးတစ်ခုပါပဲ။ အချက်အလက် တချို့ အကူအညီပေးခဲ့တဲ့ 'သူမ' ကို လည်း မမေ့မလျော့စွာ အထူး ကျေးဇူး တင်ရပါတယ်။

ကြည်ဇော်အေး

၁၁–၁၂–၂၀၁၈။

mgyoe.com

mgyoe.com



# The Rome Front (I)

At the battlefield
we cannot see each other.

There will be no witness
in the darkness.

I cannot see who he is
and so I don't feel strong dislike for him.

With the knife stabbed in the back
I came to write this poem.

**4-4-2018**

mgyoe.com

mgyoe.com


## ရောမ စစ်မျက်နှာ (၁)

စစ်မြေပြင်မှာ
တစ်ယောက်ကိုတစ်ယောက် မမြင်ရဘူး

အမှောင်ထဲမှာ
သက်သေမရှိဘူး

လူကိုမမြင်ရတော့လည်း
စိတ်ကမနာမိဘူး


နောက်ကျောမှာ စားတန်းလန်းကြီးနဲ့
ဒီကဗျာကိုရေးမိတယ်။ ။

၄-၄-၂၀၁၈

mgyoe.com




mgyoe.com



mgyoe.com

mgyoe.com


# The Rome Front (II)

When I was dethroned,
I can do nothing but to deal with enemy.

Now, after seizing control of the palace,
I do want to make you my queen.

But,
you have committed adultery with enemy.

Well,
under the shadow of my throne,
no Cleopatra calendar will be allowed
to hang.

**19-4-2018**

mgyoe.com

mgyoe.com


## ရောမ စစ်မျက်နှာ (၂)

ငါ့ အိမ်နိမ့်စံဘဝမှာ
ရန်သူနဲ့ စေ့စပ်ခဲ့ရတယ်

နန်းတော်ကိုသိမ်းပိုက်ပြီးချိန်မှာ
မင်းကိုမိဖုရားမြှောက်ချင်တာ

ဒါပေမဲ့
မင်းကရန်သူနဲ့ လင်ငယ်နေခဲ့တယ်

အေး
ငါ့ ထီးနန်းရိပ်မှာ
ကလီယိုပက်ထရာ ပြက္ခဒိန်
ချိတ်ခွင့်မရှိစေရဘူး။ ။

၁၉-၄-၂၀၁၈

mgyoe.com

mgyoe.com


# The Rome Front (III)

If you set foot on the Rome's land
Either you behave as Venice,
Milan or Florence.

I'm nothing
but a small European country town
seeking small scores in the relegation zone,
called Sisina.

19-4-2018

mgyoe.com

mgyoe.com


# ရောမ စစ်မျက်နှာ (၃)

ရောမရောက်ရင်
ဗင်းနစ်လိုပဲ ကျင့်ကျင့်
မီလန်လိုပဲ ကျင့်ကျင့်
ဖလောရင့်လိုပဲ ကျင့်ကျင့်

ငါက
တန်းဆင်းဗုန်ထဲမှာ မူးစုပဲစုအမှတ်လေးတွေရှာနေရတဲ့
ဥရောပရဲ့ တောမြို့ကလေး
ဆီစီနာ။ ။

၁၉-၄-၂၀၀၈

mgyoe.com

mgyoe.com


# The Rome Front (IV)

Like a horse with hoof lost in the battle,
the corpse of a hero
was sent to the slaughter house?

Resharpen your double-bladed sword,
Cezar!

**19-4-2018**

mgyoe.com

mgyoe.com


## ရောမ စစ်မျက်နှာ (၄)

သူ့ရဲ့ကောင်းတစ်ယောက်ရဲ့အလောင်းကို
စစ်ပွဲအတွင်းမှာ သံခွာကျွတ်ထွက်သွားတဲ့
မြင်းတစ်ကောင်လို
သားသတ်ရုံပို့လိုက်ပါပြီလား

ခင်ဗျားရဲ့
အသွားနှစ်ဖက်ပါတဲ့ ဓားတွေကို ပြန် သ,ထားလိုက်ပါ
ဆီဇာ။ ။

၁၉-၄-၂၀၀၈

mgyoe.com

mgyoe.com


# The Rome Front (V)

Sham soccer match in Turing can make both teams
relegate to lower division.
But, mafia bosses are playing cards on Sicily.

Tonight,
Brutus prefers lower teams most.

**19-4-2018**

mgyoe.com

mgyoe.com



## ရောမ စစ်မျက်နှာ (၅)

တူရင်မှာလုပ်ပွဲကစားရင် တန်းဆင်းရတယ်
မာဖီးယားတွေက စစ္စလီကျွန်းပေါ်မှာ
ဖဲရိုက်နေကြတယ်

ဒီည ဘရစ်တပ်က
အောက်အသင်းတွေကြိုက်နေတယ် ။

၁၉-၄-၂၀၀၈

mgyoe.com

mgyoe.com



# The Rome Front (VI)

Romeo wants to have a sports car
and Juliet, ice cream.

Jumping to deaths from high-rise buildings
are not yet over.

**20-4-2018**

mgyoe.com

mgyoe.com


## ရောမ စစ်မျက်နှာ (၆)

ရိုမီယိုက ပြိုင်ကားတစ်စင်းလိုချင်တယ်
ဂျူးလိယက်က ရေခဲမုန့်စားချင်တယ်

အထပ်မြင့်တိုက်တွေပေါ်ကခုန်ချပြီး
သတ်သေနေကြတာ ခုထိမဆုံး ။

၂၀-၄-၂၀၁၈

mgyoe.com

mgyoe.com



# The Rome Front (VII)

Not knowing how to swim,
I dived into the water
because of nowhere to escape.

Better to die by sharks' bite in the water
than to live in the prisoner-of-war camp
on the land.

**20-4-2018**

mgyoe.com

mgyoe.com



## ရောမ စစ်မျက်နှာ (၇)

ပြေးစရာမြေမရှိတော့လို့ ရေထဲခုန်ချခဲ့တာ
ရေကူးတတ်လို့တော့ မဟုတ်ပါ

ရေထဲက
ငါးမန်းတွေထက်
ကုန်းမြေပေါ်ကစစ်သုံ့ပန်းစခန်းထဲ
ငါ မရှင်သန်လို ။

၂၀-၄-၂၀၁၈

mgyoe.com

mgyoe.com



# The Rome Front (VIII)

Prada,
Gucci,
Barberry,
LV.

Among the three axis powers,
Mussolini is also one of the brands of fascism.

Peace treaties singed under the threat of swords
are good for nothing but to decorate the world
as leather hand bags.

**20-4-2018**

mgyoe.com

mgyoe.com


## ရောမ စစ်မျက်နှာ (၈)

ပရာဒါ
ဂူချီ
ဘာဘာယ်ရီ
အယ်လ်ဗွီ

မိစ္ဆာဝင်ရိုးတန်းသုံးနိုင်ငံထဲမှာ မူဆိုလီနီလည်း
ဖက်ဆစ်စနစ်ရဲ့ ဘရန်းဒက်ပဲ

ခားမိုးထားလို့ လက်မှတ်ထိုးခဲ့ရတဲ့
စစ်ပြေငြိမ်းရေး စာချုပ်တွေဟာ
သားရေလက်ကိုင်အိတ်တွေအဖြစ်
ကမ္ဘာကြီးကိုအလှပြန်ဆင်ပေးနေတယ် ။

၂၀-၄-၂၀၀၈

mgyoe.com

mgyoe.com



# The Rome Front (IX)

"Whenever the war broke out,
the foremost thing to fall is truth"

As long as
the bullet didn't pass through by your ears;

you didn't lose your shoes on the snowy land.

In order to taste the war in tomorrow morning paper,
the old man made ready a pot of coffee.

I have a tip that
to believe Nepalis on Saturday night
will not be a mistake at all.

20-4-2018

mgyoe.com

mgyoe.com


# ရောမ စစ်မျက်နှာ (၉)

"စစ်ပွဲတစ်ခု စတင်လိုက်ပြီဆိုတာနဲ့
ပထမဆုံးကျဆုံးသွားတာဟာ အမှန်တရားပဲ"

ကျည်ဆန်ဟာ
ကိုယ့်နားရွက်ဘေးက ဖြတ်မသွားသေးသရွေ့

ဖိနပ်ဟာ နှင်းတောထဲမှာ
ကျွတ်မကျန်ခဲ့သေးသရွေ့

မနက်ဖြန်မနက်ရောက်လာမယ့် သတင်းစာထဲက
စစ်ပွဲကိုမြည်းဖို့
အဘိုးကြီးဟာ ကော်ဖီတစ်အိုးနှပ်ထားတယ်

စနေညမှာ
နေပယ်လ်မြို့သားတွေကိုယုံကြည်ထားရင် မမှားဘူးလို့
သတင်းအတိအကျ ရထားတယ်။ ။

၂၀-၄-၂၀၀၈

mgyoe.com

mgyoe.com


# The Rome Front (X)

When the Papal car ran out of fuel
before Auschwitz concentration camp,
Nazi members had to push it forward
raising their party flags.

Of course,
The brand of the car is Lamborghini.
20-4-2018

mgyoe.com

mgyoe.com


# ရောမ စစ်မျက်နှာ (၁၀)

ပုပ်ရဟန်းမင်းကြီးရဲ့ကားဟာ
အော့ဇ်ဝစ်အကျဉ်းစခန်းရှေ့မှာ ဆိုပြတ်သွားတော့
နာဇီအဖွဲ့ဝင်တွေဟာ ပါတီအလံတွေလွှင့်ပြီး
ဝိုင်းတွန်းပေးကြရတယ်

ကားအမျိုးအစားက
လန်ဘိုဂီနီ ပါ။ ။

၂၀-၄-၂၀၁၈

mgyoe.com